**ရှမ်းပြေး**

Scientific name - *Richardia brasiliensis* Gomes

Common name - White-eye

Family - Rubiaceae





အပင်ပုံသဏ္ဌာန်

မြေ၌ကပ်ပေါက်သော တစ်နှစ်ခံပင်ဖြစ်ပြီး တစ်ခါတစ်ရံ နှစ်ရှည်ခံပင်ဖြစ်သည်။ ပင်စည်ပျော့၍ ဘေးတိုက်ပြန့်ကားပေါက်ပြီး ငယ်စဉ်တွင် ထောင့်လေးထောင့်ပါပြီး အစိမ်းရောင်ရှိသည်။ တိုသောအမွေးဖြူများ ပါရှိသည်။ ရွက်ဆိုင်ထွက်သည်။ ဘဲဥပုံရှိပြီး အဖျားပိုင်းဝိုင်း၍ ထိပ်ပိုင်းတွင် အချွန်ကလေး ရှိသည်။ အရွက်ရင်းပိုင်းတွင် သပ်ပုံရှိသည်။ ပန်းခိုင်သည် ကြားထွက်ပန်းခိုင်ဖြစ်သည်။ ပန်းပွင့်များစွာပါရှိ၍ ပန်းပွင့်သည်ဖြူပြီး ပွွန်ပုံရှိသည်။ ပန်းပွင့်အများစုတွင် အဖြူရောင် (တစ်ခါတစ်ရံ ပန်းရောင် သို့မဟုတ် အပြာရောင်သန်းသော) ပွင့်ချပ် ၆ ခုပါ၍ ကြယ်ပုံစံတွေ့ရသည်။ အသီးသည် အက်ကွဲသီးဖြစ်ပြီး အဝိုက် ၄ ခု ပါရှိသည်။ အစေ့အားဖြင့် မျိုးပွားသည်။